မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ။ ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ( ၁၂ ) ရက်

# မြန်မာနိုင်ငံသားများဘဏ်လီမိတက် ကျောက်တံတားဘဏ်ခွဲအား ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်း

မြန်မာနိုင်ငံသားများဘဏ်လီမိတက် ကျောက်တံတားဘဏ်ခွဲအား အကြီးစားပြင်ဆင်မှုများ ပြုလုပ်ရန် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့၌ ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့၏အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပြီး၊ ယင်းဆုံးဖြတ်ချက်အရ အကြီးစားပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါသည်။

အဆိုပါအဆောက်အဦသည် (၁၉၀၀) ပြည့်နှစ် အစောပိုင်းကာလကတည်းက တည်ရှိခဲ့သော အဆောက်အဦဖြစ်ပြီး၊ အမှတ် (၃၈၃)၊ ၃၇လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်တွင် တည်ရှိသည့် သမိုင်းဝင် အဆောက်အဦတခု ဖြစ်သည်။ မြန်မာနိုင်ငံသားများဘဏ်လီမိတက် ကျောက်တံတားဘဏ်အား ၁၉၉၂ ခုနှစ်၊ ဖွန်လ (၂) ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ဘဏ်လုပ်ငန်း များကို နှစ်ကာလကြာရှည်စွာ ဆောင်ရွက်ခဲ့သည့် ဘဏ်တစ်ခုလည်း ဖြစ်ပါသည်။ သမိုင်းဝင်အဆောက်အဦအား ရှေးမူမပျက်စေဘဲ ခေတ်မှီ၍ လုပ်ငန်းနှင့်ကိုက်ညီသည့် အကြီးစားပြင်ဆင်မှုများ ပြုလုပ်၍ ပြန်လည်ဖွင့်လှစ်ရန် ရွေးချယ်ဆောင်ရွက်ခဲ့ပါသည်။ အကြီးစားပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁) ရက်တွင် မြန်မာနိုင်ငံသားများဘဏ်ရုံးချုပ်နှင့် ကျောက်တံတားဘဏ်ခွဲကို ဤသမိုင်းဝင်အဆောက်အဦသို့ ပြန်လည်ပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပါသည်။

မြန်မာနိုင်ငံသားများဘဏ်သည် မိမိတို့၏ Retail ၊ SME ၊ Commercial နှင့် Corporate Client များအတွက် ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများကို အကောင်းဆုံး ဆောင်ရွက်ပေးသွားနိုင်တော့မည် ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များအား အသိပေး၊ အကြောင်းကြားအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ -

အမှတ် (၃၈၃)၊ ၃၇ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်းနံပါတ် - ၁၀ ၈၃၈၆၀၁၉

မြန်မာနိုင်ငံသားများဘဏ်လီမိတက်